စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
စိုက်ပျိုးရေးဦးစီးဌာန
ပဲခူးတိုင်းဒေသကြီး ၊ သာယာဝတီခရိုင်
အုတ်ဖိုမြို့နယ်


# စဉ်ဆက်မပြတ် ဟင်းသီးဟင်းရွက်စိုက်ပျိုးခြင်းဖြင့် ဝင်ငွေအကျိုးအမြတ် ရရှိမှုအခြေအနေတင်ပြခြင်း




ဒေါ်သူသူအောင်
လ/ထဦးစီးမှူး
အုတ်ဖိုမြို့


၂၀၂၄ ခုနှစ် ၊ ဖေဖော်ဝါရီလ ( ၂၆ ) ရက်

# အုတ်ဖိုမြို့နယ်၏တည်နေရာအကျယ်အဝန်း



- တည်နေရာ - ပဲခူးတိုင်းဒေသကြီး အနောက်ခြမ်း၊ သာယာဝတီခရိုင်
- အကျယ်အဝန်း - (၄၀၈.၄၅) စတုရန်းမိုင်
- လူဦးရေစုစုပေါင်း - ( ၁၃၅၃၆၉ ) ဦး
- အုပ်စုပေါင်း - (၅၅) အုပ်စု၊ ရွာခွဲပေါင်း - (၂၄၉) ရွာ
- စုစုပေါင်းဧရိယာဧက - (၂၅၉၅၀၆)ဧက
- ပင်လယ်ရေမျက်နှာပြင်အထက် (၇၇) ပေ

2

# အုတ်ဖိုမြို့နယ်၏မြေယာအသုံးချမှုအခြေအနေ



| | | |
|---|---|---|
| | အသားတင်စိုက်ပျိုးမြေ | ၁၁၉၂၈၃ |
| | လှပ်ထားမြေ | - |
| | စိုက်ပျိုးခြင်းမပြုနိုင်သောမြေ | ၁၅၈၉၅ |
| | ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောမြေ | ၁၃၀၀၀၁ |
| | တောရိုင်းမြေ | ၂၆၂၉ |
| | မြေရိုင်း | ၁၃၅၀ |
| စုစုပေါင်းဧက | | ၂၅၉၅၀၆ |

# ၂၀၂၃-၂၀၂၄ခုနှစ် အုတ်ဖိုမြို့နယ်၏ မိုးလေဝသနှင့်ရာသီဥတုအခြေအနေ

| စဉ် | လအမည် | ပုံမှန် | | ၂၀၂၁ခုနှစ် | | ၂၀၂၂ခုနှစ် | | ၂၀၂၃ခုနှစ် | |
|---|---|---|---|---|---|---|---|---|---|
| | | ရွာရက် | လက်မ | ရွာရက် | လက်မ | ရွာရက် | လက်မ | ရွာရက် | လက်မ |
| ၁ | ဇန်နဝါရီ | ၁ | ၀.၀၈ | - | - | - | - | - | - |
| ၂ | ဖေဖော်ဝါရီ | - | - | - | - | ၁ | ၀.၃၅ | ၂ | ၁.၀၄ |
| ၃ | မတ် | ၁ | ၀.၅၀ | - | - | ၁ | ၁.၂၁ | - | - |
| ၄ | ဧပြီ | ၂ | ၀.၇၉ | ၃ | ၁.၇၂ | ၂ | ၀.၅၀ | - | - |
| ၅ | မေ | ၁၀ | ၆.၇၆ | ၂ | ၀.၇၉ | ၁၁ | ၁၁.၉၄ | ၆ | ၃.၁၀ |
| ၆ | ဇွန် | ၂၀ | ၁၁.၁၀ | ၁၇ | ၁၆.၄၅ | ၁၃ | ၈.၂၁ | ၁၈ | ၁၁.၄၇ |
| ၇ | ဇူလိုင် | ၂၄ | ၁၄.၇၂ | ၁၆ | ၁၆.၃၈ | ၁၃ | ၇.၆၀ | ၁၉ | ၁၀.၃၉ |
| ၈ | ဩဂုတ် | ၁၈ | ၉.၁၀ | ၁၆ | ၆.၄၉ | ၁၇ | ၁၁.၇၃ | ၁၉ | ၁၀.၄၅ |
| ၉ | စက်တင်ဘာ | ၁၅ | ၈.၆၇ | ၁၇ | ၁၀.၄၉ | ၁၃ | ၇.၆၉ | ၁၉ | ၁၃.၆၄ |
| ၁၀ | အောက်တိုဘာ | ၁၁ | ၆.၇၁ | ၁၁ | ၇.၆၇ | ၁၅ | ၉.၇၇ | ၁၁ | ၅.၁၅ |
| ၁၁ | နိုဝင်ဘာ | ၂ | ၀.၄၆ | ၃ | ၂.၈၃ | ၁ | ၀.၂၅ | ၁ | ၀.၂၆ |
| ၁၂ | ဒီဇင်ဘာ | ၁ | ၀.၁၂ | - | - | - | - | - | - |
| စုစုပေါင်း | | ၁၀၅ | ၅၈.၇၁ | ၈၅ | ၆၂.၈၂ | ၈၇ | ၅၉.၂၅ | ၉၅ | ၅၅.၅၀ |

ကာလတူနှိုင်းယှဉ်ချက်။ ။(၃၁.၁၂.၂၀၂၂) ရွာက်ရက် (၈၇)ရက် ၊(၅၉.၂၅)လက်မ

( ၃၁.၁၂.၂၀၂၃) ရွာရက်( ၉၅)ရက်၊ ( ၅၅.၅၀) လက်မ

# နိဒါန်း

ယနေ့ကျန်းမာရေးဆိုင်ရာ မဂ္ဂဇင်း၊ စာစောင်များတွင် နုပျိုစွာသက်ရှည်ကျန်းမာနေလိုကြပါလျှင် လတ်ဆက်သောဟင်းသီး/ဟင်းရွက်နှင့် သစ်သီးဝလံများကို များများစားသုံးခြင်းဖြင့် ဟင်းသီး/ဟင်းရွက်များတွင်ပါဝင်သော ဗီတာA,B,C,Eတို့သည် ဓါတ်တိုးမှုကို နှောင့်နှေးစေသည့်အတွက် လူသားတို့ကိုနုပျိုကျန်းမာစေသည်ဟုဆိုပါသည်။ ဟင်းသီး/ဟင်းရွက်သည် နေ့စဉ်စားသောက်နေရပြီး ကျန်းမာရေးအတွက် အရေးကြီးလှပါသည်။ ဟင်းသီး/ဟင်းရွက်သည် ကျန်းမာရေးအတွက် စားသုံးရန်မရှိမဖြစ်လိုအပ်သကဲ့သို့ စီးပွားရေးတွက်ချေကိုက်ပြီး ဝင်ငွေတိုးတက်၍ရေရရှိနိုင်သောကျေးရွာများတွင် ဈေးကွက်ဝင်တွက်ချေကိုက်ဟင်းသီး/ဟင်းရွက်သီးနှံများကို စိုက်ပျိုးရန်သင့်တော်ပါသည်။

# ရည်ရွယ်ချက်

❖ဟင်းသီး/ဟင်းရွက်ကို အစိမ်း (သို့) ချက်ပြုတ်ရသည်မှာ လွယ်ကူသည့်အတွက် ထင်း၊ မီးသွေး လောင်စာများလည်း သက်သာစေရန်။

❖တောင်သူများအတွက် အပိုဝင်ငွေအဖြစ် ဝင်ငွေတိုးတက်ရရှိလာစေရန်။

❖ဟင်းသီး/ဟင်းရွက်ကို တဆင့်ခံရောင်းချသူများလည်း အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိလာစေရန်။

❖မိမိစိုက်ခင်းဝန်းကျင်မှာရှိ ကျေးရွာများအား လက်ဆတ်သော ဟင်းသီး/ဟင်းရွက်များကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသုံးနိုင်စေရန်။

# ဆောင်ရွက်ရသည့်အကြောင်းအရာ

❖ အုတ်ဖိုမြို့နယ်၊ ဂမုန်းချောင်းစီးဆင်းရာ လင်းလွန်းပင်ရေတံခါးကို အခြေပြု၍ တစ်နှစ်ပတ်လုံး ဟင်းသီး/ဟင်းရွက် စိုက်ပျိုးကြပါသည်။

❖ တစ်နှစ်ပတ်လုံး စိုက်ပျိုးသည့်သီးနှံများမှာ မိုးငရုတ်စို-ပန်းဂေါ်ဖီ-ရုံးပတီ / မိုးငရုတ်စို-ဂေါ်ဖီထုပ်-ဖူးစားပြောင်း/ ရုံးပတီ-ပန်းဂေါ်ဖီ-ပန်းဂေါ်ဖီ/ ဖူးစားပြောင်း-ရုံးပတီ-ပန်းဂေါ်ဖီ များကို စိုက်ပျိုးလျှက်ရှိကြပါသည်။


❖ အုတ်ဖိုမြို့နယ်၊ စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် မိုးငရုတ်စို-ပန်းဂေါ်ဖီ-ရုံးပတီ ဟင်းသီး/ ဟင်းရွက်သီးနှံပုံစံတွဲအား စနစ်တကျစိုက်ပျိုးပြီး စီးပွားရေးတွက်ချေကိုက်သည်ကို တောင်သူများအား လက်တွေ့ပြသပေးရန် တောင်သူနှင့်ပူးပေါင်းပြီး စံပြကွက်များ စိုက်ပျိုးဆောင်ရွက်ထားရှိခဲ့ပါသည်။

# အသေးစိတ်လုပ်ဆောင်ချက်

- စဉ်ဆက်မပြတ် စီးပွားရေးတွက်ချေကိုက်သည့် ဟင်းသီး/ဟင်းရွက်စိုက်ပျိုးခြင်းကို သီးနှံစိုက်ခင်းအား ဆင်ဂေါင်းအုပ်စု၊ လင်းလွန်းပင်ကျေးရွာ၊ တောင်သူဦးအောင်နိုင်ဦးပါ (၅)ဦးဖြင့် ဟင်းသီး/ဟင်းရွက် (၁၅.၀၀) ဧက စိုက်ပျိုး ဆောင်ရွက်ခဲ့ပါသည်။
- တစ်နှစ်ပတ်လုံးစိုက်ပျိုးခဲ့သည့် စီးပွားရေးတွက်ချေကိုက် ဟင်းသီး/ဟင်းရွက် သီးနှံပုံစံမှာ မိုးငရုတ်စို-ပန်းဂေါ်ဖီ-ရုံးပတီ ဖြစ်ပါသည်။

| စဉ် | သီးနှံအမည် | မျိုးအမည် | စိုက်ဧက | ပင်ကြား×တန်းကြား အကွာအဝေး | အပင်ဦးရေ | နှုန်း | ထွက် |
|---|---|---|---|---|---|---|---|
| ၁ | ငရုတ်စို | ဂရင်းပရောဖစ် ၀၀၄ | ၅.၀၀ | ၃' × ၃' | ၄၈၄၀ | ၃၈၀၀ | ၁၈၃၉၂၀၀၀ |
| ၂ | ရုံးပတီ | ဂရင်းတော့ပ် | ၅.၀၀ | ၃' × ၁' | ၁၄၅၂၀ | ၃၀၀၀၀၀ | ၄၃၅၆၀၀၀၀၀၀ |
| ၃ | ပန်းဂေါ်ဖီ | စနိုးကလောက်ဒ် | ၅.၀၀ | ၂' × ၂' | ၁၀၈၉၀ | ၁၀၈၉၀ | ၁၁၈၅၉၂၁၀၀ |

# တစ်ဧကကုန်ကျစရိတ်နှင့်ဝင်ငွေ/အကျိုးအမြတ်




| | ကုန်ကျစရိတ် | ဝင်ငွေ | အကျိုးအမြတ် |
|---|---|---|---|
| ငရုတ်စို | ၁၈၀၀၀၀၀ | ၃၈၀၀၀၀၀ | ၂၀၀၀၀၀၀ |
| ရုံးပတီ | ၁၃၀၀၀၀၀ | ၂၄၀၀၀၀၀ | ၁၁၀၀၀၀၀ |
| ပန်းဂေါ်ဖီ | ၃၅၀၀၀၀၀ | ၇၆၂၃၀၀၀ | ၄၁၂၃၀၀၀ |

# ရလဒ်နှင့် ဆွေးနွေးချက်များ

- ဟင်းသီး/ဟင်းရွက်ကို စဉ်ဆက်မပြတ် စိုက်ပျိုးခြင်းအားဖြင့် တောင်သူမိသားစု လစဉ်နီးပါး ဝင်ငွေအဆက်မပြတ်ရရှိခြင်း၊
- ဟင်းသီး/ဟင်းရွက်စိုက်ပျိုးသည့်မိသားစုအပြင် အခြားလယ်ယာလုပ်သားများကို လုပ်ငန်းခွင် အလုပ်ပေးအပ်နိုင်ခြင်း၊
- စိုက်ပျိုးသူမိသားစုနှင့်ပတ်ဝန်းကျင်ရှိရပ်ရွာလူထုများ လတ်လတ်ဆတ်ဆတ်ရှိပြီး၊ ဈေးနှုန်း သင့်တင့်သော ဟင်းသီးဟင်းရွက်များကို ဝယ်ယူစားသုံးနိုင်ခြင်း၊
- စိုက်ပျိုးသူမိသားစုများ ကြည်နူးမှုစိတ်ခံစားချက်များရရှိလာခြင်း၊
- တနိုင်တပိုင်စီးပွားဖြစ်လုပ်ငန်းလည်းဖြစ်ပြီး၊ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုကို လျော့နည်း သက်သာပြီး၊ ကျန်းမာရေးနှင့်ညီညွတ်သော သာယာပျော်ရွှင်သော လူမှုပတ်ဝန်းကျင်ကို ဖြစ်ပေါ်စေသော အကျိုးရလဒ်များကို ဆွေးနွေးတင်ပြအပ်ပါသည်။

# သုံးသပ်ချက်

- ဟင်းသီးဟင်းရွက်သည် သက်တမ်းတိုသည့်အပြင် တောင်သူများအရင်းအနှီးများများစားစားစိုက်ထုတ်စရာမလိုဘဲလုပ်ကိုင်နိုင်ရန်၊
- အချိန်တိုအတွင်းမှာလည်း တောင်သူများဝင်ငွေရရှိနိုင်သည့်အတွက် စိုက်ပျိုးသူတောင်သူမိသားစုစားဝတ်နေရေးကို ဖြေရှင်းပေးနိုင်ကြောင်း၊
- လတ်ဆတ်သောဟင်းသီးဟင်းရွက်ကို ဈေးနှုန်းချိုသာစွာဖြင့် ဝယ်ယူရရှိနိုင်ခြင်း၊
- ဝင်ငွေများအချိန်တိုအတွင်းမှာ ပြန်လည်ရရှိလာစေသည့်အတွက် စဉ်ဆက်မပြတ်ဟင်းသီးဟင်းရွက်စိုက်ခင်းကို အခြားတောင်သူများစိတ်ပါဝင်စားစွာလိုက်နာဆောင်ရွက်လာနိုင်စေရန် သုံးသပ်တင်ပြအပ်ပါသည်။

# အကြံပြုချက်

- ❖ စဉ်ဆက်မပြတ် ဟင်းသီးဟင်းရွက်ထုတ်လုပ်ခြင်းသည် စိုက်ပျိုးလုပ်ကိုင်သူမိသားစုအပြင် ပတ်ဝန်းကျင်ရှိ ရပ်ရွာပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများကို ဖန်တီးပေးနိုင်ခြင်း၊
- ❖ စားသုံးသူပြည်သူများအတွက် ဘေးကင်းလုံခြုံသော ဟင်းသီးဟင်းရွက်များကို ရရှိအောင် ထုတ်လုပ်ပေးနိုင်ခြင်း၊
- ❖ စိုက်ပျိုးသူမိသားစုများအတွက်လည်း အဆက်မပြတ်ဝင်ငွေရရှိစေခြင်း၊ သဘာဝပတ်ဝန်းကျင် ထိခိုက်မှုကို လျော့နည်းစေခြင်းများကြောင့် ကျယ်ကျယ်ပြန့်ပြန့် စည်းရုံးဆောင်ရွက် သင့်ကြောင်းနှင့် ရပ်ရွာပြည်သူများအနေဖြင့် မိမိအိမ်ခြံဝန်းမြေကွက်လပ်မကျန် စိုက်ပျိုး သင့်ကြောင်း အကြံပြုအပ်ပါသည်။
- ❖ စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် စဉ်ဆက်မပြတ်ဟင်းသီးဟင်းရွက်စိုက်ပျိုးရေးလုပ်ငန်းကို ဆက်လက်တိုးချဲ့စိုက်ပျိုးနိုင်ရန်အတွက် ပညာပေးစည်းရုံးဆောင်ရွက်သွားမည် ဖြစ်ပါသည်။

# ရေပ်စိုစိုက်ပျိုးခြင်းမှတ်တမ်းဓါတ်ပုံ









# ရေပ်စိုစိုက်ပျိုးခြင်းမှတ်တမ်းဓါတ်ပုံ









# ပန်းဂေါ်ဖီစိုက်ပျိုးခြင်းမှတ်တမ်းဓါတ်ပုံ









# ပန်းဂေါ်ဖီစိုက်ပျိုးခြင်းမှတ်တမ်းဓါတ်ပုံ









# ရုံးပတီစိုက်ပျိုးခြင်းမှတ်တမ်းဓါတ်ပုံ









# ရုံးပတီစိုက်ပျိုးခြင်းမှတ်တမ်းဓါတ်ပုံ










လမ်းညွှန်မှုကိုခံယူပါမည်။